# ၁၉၅၄ ခုနှစ်၊ ချင်းရေးရာကောင်စီအမတ်များ၏စရိတ်ကြေးငွေ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ချင်းရေးရာကောင်စီအမတ်များ၏စရိတ်ကြေးငွေ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ချင်းရေးရာကောင်စီ အမတ်များ၏ စရိတ်ကြေးငွေ အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၆) ၏ ပုဒ်မ ၂၊ အပိုဒ် (၃) တွင် "ချင်းရေးရာကောင်စီ သဘာပတိ သော်၎င်း၊" ဆိုသည့် စကားရပ်နောက်တွင် "ညီလာခံကျင်းပရာဒေသတွင်နေထိုင်သည့် ချင်းရေးရာကောင်စီ ဒုတိယသဘာပတိ သော်၎င်း၊" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၂ : တရားရေးဝန်ကြီးဌာန၊ ၁၇-၁၁-၅၄—၂,၀၀၀—၂။
အတိုး—၁၀ ပြား]